
http://www.dhammadownload.com



http://www.dhammadownload.com

မိဘကျေးဇူးတွေသိဖို့
မိဘမေတ္တာကို နားလည်ပါ။
မိဘမေတ္တာကို နားလည်ဖို့
ဒီစာအုပ်ကို အိမ်တိုင်း
ဆောင်ထားသင့်ပါတယ်။



http://www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

# အသံတိတ်တိတ်နဲ့ ကျိတ်ငိုသည်

ကျေးဇူးတော်ရှင်

**ဓမ္မဒူတဆရာတော်ဘုရားကြီး**

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
(အဂ္ဂမဟာ ဓမ္မကထိက)
(ပိဋကတ္တယပါရဂူ) (ဝိသိဋ္ဌ ဒီဃဘာဏက)
(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)
၏ တပည့်

**ဓမ္မဒူတ အရှင်ဆေကိန္ဒ**

(သာသနဓဇ ဓမ္မာစရိယ)
(သဒ္ဓမ္မနေပုည ဓမ္မာစရိယ)
(သာသနဇောတိပါလ ဓမ္မာစရိယ)
*A.G.T.I (Civil)*
ရေးသားသည်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အသံကိတ်နဲ့ကျိတ်ငိုသည် | ၁ |
| ၂။ | အဆင်မပြေလို့ ငိုရတာပါ | ၄ |
| ၃။ | အမေ့အလိုကျ | ၁၁ |
| ၄။ | အမောပြေသွားပါပြီ | ၁၄ |
| ၅။ | နောင်ရေးလည်းစိတ်ချရအောင် | ၁၈ |
| ၆။ | ဆေးပေးမီးယူ၊ ကူဖော်လောင်ဖက် | ၂၀ |
| ၇။ | အိမ်ပါ အလိမ္မာသမီး | ၂၃ |
| ၈။ | အဲဒီလို မျှော်လင့်ချက်တွေ | ၂၆ |
| ၉။ | မေတ္တာကို မခံစားတတ်လို့ | ၂၉ |
| ၁၀။ | စကားတောင်မပီတော့ဘူး | ၃၄ |
| ၁၁။ | ချောင်းဆိုးချင်လည်း အောင်ထားဦးမှပေါ့ | ၃၇ |
| ၁၂။ | ဖြစ်ရတဲ့ပီတိ၊ ပြုံးမိတဲ့မျက်နှာ | ၄၁ |
| ၁၃။ | စုန်ရေပဲရှိတယ်၊ ဆန်ရေဆိုတာ... | ၄၃ |
| ၁၄။ | မိဘတွေအတွက် နတ်သုဒ္ဓါပါပဲ | ၄၅ |
| ၁၅။ | ကျေးဇူးမကန်းမိကြဖို့ပါပဲ | ၅၀ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | အရက်သမားရဲ့ သား၊သမီးဘဝ | ၅၃ |
| ၁၇။ | နဖူးကချွေး ခြေမ ကျအောင် | ၅၆ |
| ၁၈။ | "ဘွဲ့မယူခင် မိန်းမခိုးပြေးသွားပြီ"တဲ့ | ၅၈ |
| ၁၉။ | သမီးက အမေကိုတရားစွဲတာ | ၆၀ |
| ၂၀။ | အမွေဆိုတာ သူများ မွေပေးမှရတာပါ | ၆၄ |
| ၂၁။ | ဒါကြောင့် ရှေးပညာရှိကြီးတွေက | ၆၆ |
| ၂၂။ | ငိုတော့မလို မျက်နှာနဲ့ | ၇၄ |
| ၂၃။ | ကိုယ့်ရှုံးကိုယ်ပတ် | ၇၆ |
| ၂၄။ | မိဘမေတ္တာဆိုတာ | ၈၁ |
| ၂၅။ | သားအချစ် မြေးအနှစ် | ၈၅ |
| ၂၆။ | မြေးဦးကလည်းအဘွားကိုတွေ့ရော... | ၈၈ |

# မဖြစ်မနေ

# ရေးသားမိပါသည်



ကျေးရူးတော်ရှင် တောင်စွန်း ဓမ္မဒူတ ဆရာတော်ကြီး မိန့်ခဲ့ပါသည်။ သာသနာ့ဝန်ထမ်းဆိုတာ သာသနာ့တာဝန်တွေကို အမြဲထမ်းနေရမည်ဟု ဆိုပါသည်။

"စာရေး၊ စာချ၊ တရားဟော၊ တရားပြ၊ ဓမ္မဒူတ" ဟူသော ဆောင်ပုဒ်ကိုလည်း ရေးသားခဲ့ပါသည်။

မိမိသည် သာသနာ့ဝန်ထမ်းလည်းဖြစ်၊ ဓမ္မဒူတ အရှင်မြတ်တစ်ပါး၏ အဖြစ်ကိုလည်း နှစ်ခြိုက်စွာခံယူထားမိပါသည်။

ထို့ကြောင့် စာရေး၊ စာချ၊ တရားဟော၊ တရားပြ အလုပ်များဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်နေခဲ့ပါသည်။ ယခုလည်း ထမ်းဆောင်နေဆဲ၊ နောင်လည်း ထမ်းဆောင်နေဦးမည် ဖြစ်ပါသည်။ လူအများ၏ အသုံးအနှုန်းအရဟု ဆိုလျှင် "အလုပ်ရှုပ်သူ"ဟု ဆိုရမည် ထင်ပါသည်။

သို့သော် "အရှုပ်ကို လုပ်နေသော အလုပ်ရှုပ်သူ" အဖြစ်ကားမဟုတ်ပါချေ။ အ[illegible]နည်း၍ ကိလေသာ

http://www.dhammadownload.com

ရှုပ်နေသည်များကို ရှင်းပေးနေသော တရားအလုပ် တို့ဖြင့်လည်းကောင်း၊ အသိလည်းရှိ၊ သတိလည်း ရှိသောသူတို့အား အသိတရား၊ သတိတရားများ တိုးပွားကြစေရန် ရေးသားဟောပြောသော အလုပ်ဖြင့် လည်းကောင်း၊ အချိန်လပ်အားနည်းပါးစွာ ဆောင်ရွက် နေရသူ ဖြစ်ပါသည်။

ယခု ဤကျမ်းစာအုပ်သည်လည်း အလုပ် ရှုပ်နေ ရင်းဖြင့် ဖြစ်ပေါ်လာသော ဓမ္မဒူတလုပ်ငန်းရပ်၏ အကျိုး ဆက်တစ်ခု ဖြစ်ပါသည်။

အချို့သော ဒါယကာ၊ ဒါယိကာမများက ရဟန်းခံ၊ ရှင်ပြု၊ နားသ၊ သိမ်တက်မင်္ဂလာအလှူပွဲများနှင့် အထိမ်း အမှတ်ကုသိုလ်ပြုပွဲတို့၌ ဓမ္မဒါနအဖြစ် ကျမ်းစာအုပ် လှူဒါန်းလိုပါသဖြင့် မိဘမေတ္တာကို ဖော်ကျူးသော တရားစာအုပ်တစ်အုပ် ရေးသားပေးပါရန် လျှောက်ထား ပါသည်။

သို့အတွက် မအားမလပ်သောကြားမှ မဖြစ်မနေ ရေးသားလိုက်ရပါသည်။ ညဟော စဉ်တရားကို ဟောဟန်မှ ရေးသားဟန်သို့ ပြောင်း၍ရေးသားလိုက်ရ ပါသည်။

အချိန်တို အတိုင်းအတာအတွင်း မဖြစ်မနေ ရေးသားထားသော ဤကျမ်းစာကို ဖတ်ရှုရသဖြင့်

http://www.dhammadownload.com

မိဘမေတ္တာကို သိသင့်သလောက်၊ မိဘကျေးဇူးကိုလည်း မြင်နိုင်သလောက် သိနိုင်၊ မြင်နိုင်ကြလျှင် ဓမ္မဒါန အလှူရှင်အား ကျေးဇူးတင်သင့်ပါသည်။

ဤ “**အသံတိတ်နဲ့ ကျိတ်ငိုသည်**” တရားကျမ်းစာအုပ်ကို မဖြစ်မနေ ဖတ်ရှုနိုင်သဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ကြပါစေဟုလည်း အာသီသ ဖြစ်မိပါသည်။

ဓမ္မဒူတ အရှင်ဆေကိန္ဒ
ဓမ္မဒူတတောရ
တောင်စွန်း၊ ဘီလင်းမြို့နယ်
မွန်ပြည်နယ်။

http://www.dhammadownload.com

http://www.dhammadownload.com



# အသံတိတ်နဲ့ ကျိတ်ငိုသည်

"သာသနာတော်နှစ် ၂၅၄၃–ခု၊ ကောဇာ သက္ကရာဇ် ၁၃၆၁–ခုနှစ် ဥတုဝသန္တမိုးဥတု သီတင်းကျွတ်လပြည့် ၆ ရက်နေ့ညတွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မှော်ဘီမြို့၊ အောက်ဝါးနက်ချောင်း ဓမ္မဒူတဇေတဝန်တောရ ဆောက်ကိန္ဒာရာမ ကျောင်းတိုက်ကြီးအတွင်း၌ ဒုတိယအကြိမ်မြောက် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ကျေးဇူးတော်ရှင် ဓမ္မဒူတ ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းကို အခြေခံ၍ ကျင်းပပြုလုပ်သော ၇–ရက်စခန်း တရားကျင့်ကြံအားထုတ်ပွဲ၌ ဟောသောတရားအဖြစ် ဟောကြားထားပါသည်"

**(ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိ၊ အဋ္ဌကထာ၊ ကဏှဇာတက။ အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ပုဏ္ဏသုတ်)**

http://www.dhammadownload.com



## "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

လောကမှာ ဖြစ်လေ့ဖြစ်ထသဘောတွေ ရှိပါတယ်။ ဒီ သဘောတွေကို သေသေချာချာ ရှင်းပြ ပြောပြပါမယ်။

လောကကြီးမှာ ကောင်းတာတွေလည်း ဖြစ်တတ်ပါတယ်။ ကောင်းကျိုးတွေလည်း ရတတ်ပါတယ်။ မကောင်းတာတွေလည်း ဖြစ်တတ်ပါတယ်။ မကောင်းကျိုးတွေလည်း ရတတ်ပါတယ်။ ဒါတွေဟာ လောကရဲ့ ဖြစ်လေ့ဖြစ်ထသဘောတွေပါ။

အခုလို ဒီတရားစခန်းကြီးတွေ ကျင်းပတယ်ဆိုတာ လူ့ဘဝ ကို သဘောပေါက်ဖို့ လူ့တန်ဖိုးကိုသိဖို့ နောက် မိမိတို့နဲ့ဆိုင်ရာ, ဆိုင်ရာ ဘဝတွေ၊ အဖြစ်မျိုးစုံ၊ အခြေ အနေမျိုးစုံတွေမှာ တန်ဖိုးမြှင့်တင်နိုင်တဲ့ အသိတွေတိုးဖို့ အခုလဲဖြည့်ကျင့်၊ နောက် အိမ်ပြန်ရောက်၊ အလုပ် ပြန်ရောက်၊ ဈေးပြန်ရောက်၊ မိမိတို့နဲ့ သက်ဆိုင်ရာတွေကို ပြန်ရောက် အဲဒီလို ရောက်ကြတဲ့အခါမှာ တကယ်လည်း ကျင့်ဖို့ တန်ဖိုးမြှင့်တင်စေဖို့အစ္စက် ကျင်းပကြရတာပါ။ တရားတော်တွေကို ဘုရားရှင်အလိုကျ ပြန်ဟောကြား ရတာပါ။

http://www.dhammadownload.com



အခုတရားတော်ရဲ့ အမည်ကို "**အသံတိတ်နဲ့ ကျိတ်ငိုသည်**" လို့ အမည်ပေးထားခဲ့ပါတယ်။

အသံတိတ်နဲ့ ကျိတ်ငိုသည်လို့ ပြောရတာက လောကကြီးမှာ ငိုနေကြတဲ့သူတွေ ရှိပါတယ်။ အများကြီးကို ရှိကြပါတယ်။ မိဘတွေလည်း ငိုကြပါတယ်၊ သားသမီးတွေလည်း ငိုကြပါတယ်၊ ဆရာသမား တွေလည်း ငိုကြပါတယ်၊ တပည့်တပန်းတွေလည်း ငိုကြပါတယ်၊ ကလေးတွေလည်းငိုကြ၊ လူကြီးတွေလည်း ငိုကြ၊ အမျိုးသားတွေ၊ အမျိုးသမီးတွေ အို–ငိုနေလိုက် ကြတာ အများကြီးပါပဲ။

ဘာလို့ ငိုကြတာလဲလို့မေးရင် အဆင်မပြေလို့ ငိုကြတယ်လို့ပဲ အကြမ်းဖျင်း အဖြေပေးရပါလိမ့်မယ်။ ဟုတ်ပါတယ်၊ အဆင် မပြေရင် ငိုတတ်ကြတာကို။

ငိုတဲ့နေရာမှာကလည်း အားရပါးရ၊ အော်ကြီး ဟစ်ကျယ်၊ အသံထွက်ပြီး ငိုကြတဲ့သူတွေ ရှိကြသလို အသံတိတ်နဲ့ ကျိတ် ငိုကြတဲ့သူတွေလည်း ရှိကြပါတယ်။ ငိုကြပုံချင်းကတော့ မတူကြပါဘူး။ ဒါပေမယ့် အဆင် မပြေလို့ ငိုကြတာကတော့ တူကြပါတယ်။

ငိုကြတဲ့သူတွေကို ဆန်းစစ်ကြည့်ရင် အော်ကြီး ဟစ်ကျယ် ငိုကြတဲ့သူတွေထက် အသံတိတ်နဲ့ ကျိတ်ငို

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



တစ်ချို့သားသမီးတွေက နဂိုကောင်းတွေပါ၊ အဖေတွေ၊ အမေတွေက အချိန်ရှိသရွေ့ ဆူနေကြလို့၊ အလိုမကျတိုင်း အပြစ်ရယ်လို့ သတ်မှတ်ပြီး ပြောနေကြလို့၊ ဆူလွန်းလို့ ဆိုးကြတာ၊ အရွဲ့တိုက်ဆိုး ဆိုးကြတာမျိုးတွေကိုလည်း တွေ့ရပါတယ်။

မိဘတွေက ဆူတယ်ထင်လို့ ဆိုးကြတာ၊ ရွဲ့ကြတာတွေ ဖြစ်သွားတတ်တဲ့ သားသမီးတွေ ရှိပါတယ်။

အဲဒီသားသမီးတွေကို ပြောပြခဲ့ပါတယ်၊ မိဘတွေက ဆူတာ မဟုတ်ပါဘူး၊ ချုပ်ခြယ်တာ မဟုတ်ပါဘူး၊ သားသမီးအပေါ် ချစ်တတ်ကြတဲ့ မိဘတွေရဲ့စိတ်၊ အချစ်စိတ်ဟာ အတူတူပါပဲ။

မေတ္တာဓာတ်နဲ့ချစ်တယ်၊ ကရုဏာဓာတ်နဲ့ သနားတယ်၊ မုဒိတာဓာတ်နဲ့ ဝမ်းမြောက်တယ်၊ ဥပေက္ခာဓာတ်နဲ့ ခွင့်လွှတ်နိုင် တယ်ဆိုတာ မိဘတိုင်းရဲ့ အင်အားတွေ ဓာတ်သတ္တိတွေပါ။ သားသမီးတွေဖက်က မိဘတွေရဲ့ ချစ်တတ်၊ သနားတတ်၊ ဝမ်းသာတတ်၊ ခွင့်လွှတ်

ဓာတ်ကဲ့ သဘောကေကို ဘယ်ဖြာလာပြီး စေစေစံစံ

http://www.dhammadownload.com



သားသမီးဆက်ဆံရေးတွေ အဆင်မပြေ ဖြစ်ကုန်ကြရတာပါလို့ ဟောခဲ့ ပြောခဲ့ပါတယ်။

သားသမီးတွေက မဆိုးပါဘူး၊ ဒီအမြင်ဟာ မိဘတွေဘက်က မြင်ရမည့်အမြင်ပေါ့၊ မိဘတွေကလဲ မဆူပါဘူး၊ ဒါက သားသမီး တွေဖက်က သဘောပေါက်ရမယ့် တကယ့်အမြင်ပေါ့။ ဒီလိုသာ အမှန်မြင်နှစ်ခုရှိသွားကြရင် အထင်တွေ၊ အလွဲအမြင်တွေဟာ ပျောက်ကင်းပြီး မိသားစု ဆက်ဆံရေးတွေ ကောင်းဖို့အတွက် ဘုရားရှင်ရဲ့ တရားစကားတော်တွေကို အထောက်အထားပြုပြီး ဟောခဲ့ဖူးပါတယ်။

အခု ဒီနေရာမှာတော့ မိဘတွေဖက်က ကျိတ်ငိုရပုံ၊ အားရ ပါးရမငိုဝံ့လို့၊ အဲဒီလို ငိုခဲ့ရင်လဲ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုမျိုး အဖြစ်မခံဝံ့လို့၊ အသံတိတ်နဲ့ကျိတ်ငိုခဲ့ရပုံကို အဓိကထားပြီး ဟောပေး ပြောပေးပါမယ်။

အခု အဓိကထားတဲ့ ဇာတ်တော်က ကဥ္စနီဇာတ်တော်ကြီးပါ။ ဒီဇာတ်တော်ကြီးကို ဗုဒ္ဓမြတ်စွာက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးနေထိုင်တော်မူတဲ့အခိုက်မှာ ဟော ကြားတော်မူခဲ့ပါတယ်။

ဘယ်သူ့ကို အကြောင်းပြုပြီး ဟောခဲ့တာလဲဆိုရင် မိဘကို လုပ်ကျွေးတဲ့၊ မိခင်ကြီးကို ပြုစုလုပ်ကျွေးတဲ့

http://www.dhammadownload.com



သားကလေး တစ်ယောက်ကို အကြောင်းပြုပြီး ဟောခဲ့တာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက နေ့စဉ်နေ့တိုင်း ဘုရားရှင်ရဲ့ ကိစ္စတော် ငါးခန်း၊ လုပ်ငန်းကြီးငါးခုကို ဆောင်ရွက်လေ့ရှိပါတယ်။ တရားရေအေး အမြိုက်ဆေးလဲ တိုက်ကျွေးလေ့ရှိပါတယ်။ အခါအားလျော်စွာ နေ့ပွဲ, ညနေဆည်းဆာပွဲ, ညဉ့်ဦးယံပွဲ, နောက်သန်းခေါင်ယံ အချိန်ဆိုရင်လည်း နတ်ပြဟ္မာတွေ တရားနာလာကြ၊ အမေးပုစ္ဆာ ပြဿနာတွေ မေးလျှောက်ကြလို့ ဖြေပေးဟောပေးရတယ်။ တရားပွဲတွေ ရှိကြပါတယ်။

ဗုဒ္ဓမြတ်စွာ တည်ထောင်ထားတဲ့ သာသနာမှာ ဗုဒ္ဓဘုရားရှင်က နေ့မအား ညမအား တရားဓမ္မတွေ အဆုံးအမတွေကို အချိန်မရွေး ဟောနေပါတယ်။ ဆုံးမနေပါတယ်။ အမေးပုစ္ဆာတွေကိုလည်း ဖြေပေးနေပါတယ်။

လူနတ်ပြဟ္မာ သတ္တဝါတွေဟာ တရားတော်ရဲ့ အရသာတွေကို သိလာကြ၊ ကိုယ်တိုင် ခံစားလာတတ်ကြပါတယ်။ ကောင်းတဲ့အလုပ်၊ ကောင်းတဲ့လမ်းစဉ်ကို လိုက်နာ ကျင့်ကြံလာကြပါတယ်။ **အဲဒီအထဲမှာ** အမျိုးကောင်းသား တစ်ယောက်ပါ ပါတယ်။

http://www.dhammadownload.com



အဲဒီ အမျိုးကောင်းသားကို အကြောင်းပြုပြီး ဒီတရားက ဖြစ်ပေါ်ခဲ့တာပါ။ သူကတော့ အမေတစ်ခု သားတစ်ခုပဲရှိပါတယ်။

သူတို့မိသားစုအကြောင်းကို ပြောရမယ်ဆိုရင် သူတို့က ဒီသာဝတ္ထိပြည်ကြီးမှာ သူကြွယ်သူဌေးမျိုးက မိသားစုပါပဲ၊ သူဌေး သူကြွယ်ပဲပေါ့။ သူကြွယ်ကြီးတွေ၊ သူဌေးကြီးတွေလို၊ အနာထပိဏ်တို့၊ ဝိသာခါတို့လို ထင်ပေါ်ကျော်ကြားတဲ့ အဆင့်ထဲမှာ မပါပေမယ့် စားနိုင်တယ်၊ သောက်နိုင်တယ်၊ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ထဲကပါပဲ။

အဖေရယ်၊ အမေရယ်၊ သားလေး တစ်ယောက်ရယ်၊ မိသားစု သုံးယောက်ရှိပါတယ်။ ဒီမိသားစုလေးဟာ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနဲ့ နေထိုင်ခဲ့ကြပါတယ်။

အဲဒီလို နေထိုင်လာကြရင်းနဲ့ ကံအားလျော်စွာ အဖေဖြစ်တဲ့ ပုဂ္ဂိုလ်က သေသွား၏ ကံကုန်သွားပါတယ်၊ သေဆုံးသွားပါတယ်။ အမေရယ်၊ သားရယ် နှစ်ယောက် ထဲပဲ ကျန်တော့တာပေါ့။

http://www.dhammadownload.com



မှန်းဆပြီးတော့ မိမိရဲ့စိတ်ထဲမှာ မြင်တဲ့အတိုင်း မြင်အောင် ပြောရရင် အမေကတော့ အသက်က ၅၀ ဝန်းကျင်၊ သားလေး ကလည်း နှစ်ဆယ်မပြည့်တတ် သေး၊ အရွယ်မရောက်သေးဘူးလို့ ပြောနိုင်တာပေါ့၊ မရောင်းတတ်၊ မဝယ်တတ်၊ လုပ်ဖူးကိုင်ဖူးမှ မရှိခဲ့ပဲကိုး။

အမေကလည်း စီးပွားရေးကို မလုပ်တတ် မကိုင် တတ်၊ သားကလေးကလည်း အရွယ်မြောက် မဟုတ် သေးတော့ သားတစ်ခု အမေတစ်ခုဟာ ဒီလိုပဲလုပ်တတ် သလို ကိုင်တတ်သလိုနဲ့ပဲ နေကြထိုင်ကြ ရောင်းကြ ဝယ်ကြပေါ့။

ဒီလိုနဲ့ပဲ တဖြည်းဖြည်းနဲ့ စီးပွားရေးက တိုးတက်ဖို့ စီးပွား ဖြစ်ဖို့ထက် လျော့လာနည်းလာ စီးပွားကျလာ ပါတယ်။

အဲဒီလို ဖြစ်လာတဲ့အခါ သားလေးက စီးပွားရေး လည်း တတ်နိုင်သမျှလုပ်၊ အတွေ့အကြုံရှိလာ၊ မိသားစု အရေး၊ စားရေး ဝတ်ရေး၊ နောက်ဆုံး မီးဖိုချောင်ကိစ္စ ချက်ရေးပြုတ်ရေးတွေပါ သူက လုပ်တတ် ကိုင်တတ် လာပါတယ်။

မိသားစု သုံးဦးရှိရာကနေ အိမ်ထောင်ဦးစီး အားကိုး အားထား ပုဂ္ဂိုလ်မရှိတော့တဲ့အတွက် အမေဖြစ်တဲ့သူဟာ စိတ်ဓာတ်တွေ လည်းကျ၊ အရွယ်တွေလည်းကျလာပါ

http://www.dhammadownload.com



တယ်၊ စိတ်ထောင်းတော့ ကိုယ်ကျေဆိုသလိုပဲ ကျန်းမာရေးပါ နည်းနည်း ချို့တဲ့လာတာပေါ့။

ဒါပေမယ့် တော်ပါသေးတယ်၊ သားကလေးကလည်း တစ်ယောက်ဆို တစ်ယောက် လိမ္မာလိုက်တာ လွန်ပါလေရော၊ အမြဲတမ်းလိုလို အမေ့မျက်နှာကို ကြည့်လို့၊ တစ်ချက်ကမှ အညိုးမခံပါဘူး၊ **အမေ့အလိုကျ**၊ အမေ့ဆန္ဒ၊ အမေဖြစ်ချင်တာဆိုရင် လိုလေသေးမရှိ ပြည့်စုံအောင်ဖြည့်လို့ပေါ့။

"အမေရယ်၊ အဖေမရှိတော့ အမေပဲအဖေ၊ အမေပဲအမေပါပဲ၊ ကျွန်တော်က အမေ့အတွက်ဆိုရင် ဘာပဲဖြစ်ဖြစ် လုပ်ပေးမှာပါပဲ၊ အမေစိတ်ချမ်းသာဖို့၊ အမေကျန်းမာဖို့ပဲ အရေးကြီးပါတယ်"လို့ ပါးစပ်ကလည်း ပြောလည်းပြောတယ်၊ တကယ် လက်တွေ့လည်း လုပ်လည်းလုပ်ပါတယ်။

ဈေးဝယ်ထွက်ပြီဆိုရင် အမေစားချင်တဲ့ ဟင်းကို အရင်မေးတယ်၊ ဒါပဲဝယ်၊ ဒါပဲချက်တာပေါ့၊ မီးဖိုချောင်ထဲဆိုရင် အမေ့ကို အဝင်မခံတော့ဘူး၊ အမေ စားချင်တာသာပြောပါ။ ထမင်းပွဲ ရှေ့ရောက်၊ လက်ဆေး စားရုံပါပဲ။

နောက် အမေဝတ်တဲ့ အဝတ်ဆိုရင် ဘယ်တော့မှ အမေ မလျှော်ရတော့ဘူး၊ မဖွတ်ရတော့ဘူး၊ နေ့စဉ်

တွေဟာလည်း ဘာဝနာအမွေပေးတာပါပဲ။

အဲ–ဒါပေမယ့် လောကုတ္တရာအမွေထက် လောကီအမွေကိုပဲ လိုချင်ကြတဲ့ သားသမီးတွေက များကြပါတယ်။

အိုးအိမ်တိုက်တာ လယ်ယာ မိုးမြေ ရွှေငွေ ဥစ္စာပစ္စည်းတွေဟာ လောကီဥစ္စာဟော့၊ လောကီ အမွေတွေပါ။

မိဘတွေဟာ ဒီပစ္စည်းတွေကို ဒီလောက်စုဆောင်းနေတာ ဒီဘဝအဆုံး နိဂုံးသတ်တဲ့အခါ အားလုံးထားပစ်ခဲ့ရမယ်ဆိုတာ လူတိုင်းသိကြပါတယ်၊ မိဘတိုင်းသိကြပါတယ်၊ ဒါဖြင့်ရင် ဘာလို့ ဒီလောက်ရှာဖွေစုဆောင်းရတာလဲဆိုရင် သားသမီးတွေဖို့ဆိုတဲ့ အဖြေအပြင် တခြားပြောစရာ မရှိသလောက်ပါပဲ။

မိဘအမွေကို သားသမီးဆက်ခံရမှာဟာ ထုံးစံပါပဲ။

တစ်နေ့ သတင်းစာကြည့်ရင်း အံ့သြမိပါတယ်၊ တော်တော်လည်း **သံဝေဂရမိပါတယ်**၊ နောက်ဖက်မျက်နှာ တစ်ရွက်လှန် လိုက်ပြီးရင် အတွင်းဘက်ဘယ်ဘက်မျက်နှာမှာ ဖတ်ရတာပါ။

အဲဒီမျက်နှာမှာ နာရေးထက် ကြော်ငြာတွေ၊ အမှုအခင်းတွေက များပါတယ်၊ အမွေနဲ့ပတ်သက်တဲ့အမှုပါ၊ **သမီးက အမေကို** အမွေမပေးသေးလို့ **တရားစွဲတာ**တဲ့၊ အံ့ရော၊ ဘယ် လောက်သံဝေဂရဖို့ကောင်းလိုက်သလဲ။

http://www.dhammadownload.com



လောကီ ဥစ္စာ အမွေကို တရားစွဲပြီးတောင်းတဲ့၊ လိုချင်လွန်းတဲ့ စိတ်ဓာတ်တွေသာ ပညာအမွေကိုအာရုံပြု လောကုတ္တရာ ကုသိုလ်အမွေတွေကို အာရုံပြုမိရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ ကျေးဇူးကန်းတဲ့ စိတ်ဓာတ်တွေလည်း မဖြစ်လာနိုင်တော့ပါဘူး။

မိဘအမွေဆိုတာ သားသမီးရမှာပါ၊ မိဘတိုင်းက သားသမီး တွေဟာ ဒို့ရဲ့ အမွေတွေကို ဆက်ခံကြလိမ့်မယ်ဆိုတဲ့ မျှော်လင့် ချက်ကတော့ ရှိကြတာပါပဲ။

❁ ❁ ❁

http://www.dhammadownload.com



နောက်ဆုံး မိဘတွေရဲ့ မျှော်လင့်ချက်ဆိုတာ ရှိပါသေးတယ်။

**အထ ဝါ ပနု**–ဆိုခဲ့ပြီးငြား၊ ဆိုစကားမှ၊ တစ်ပါး အရာ အရေးထားစရာကား၊

**ပေတာနံ**–ယခုမှနောက်၊ ရောက်ရာကာလ၊ ဘုံ ဘဝ၌၊ ဆင်းရဲကြုံနေရမည့်၊ မိဘနှစ်ပါး၊ ဒို့အများအား၊

**ပုတ္တော**–မိဘစကား၊ ရင်ဝယ်ထားသည့်၊ ထူးခြား လိမ္မာ၊ သမီးသား ရတနာသည်။

**ဒက္ခိဏံ**–ကျေးဇူးကြီးမား၊ မိဘများအတွက်၊ နှစ်သက်ရွှင် ပျော်၊ သာဓုခေါ်ဖို့၊ မြင့်မြတ်တဲ့ ကုသိုလ် ကောင်းမှု၊ အဖို့အစုကို။

**အနုပ္ပဒဿတိ**–"အမျှ–အမျှ–အမျှ" ထပ်တူရဖို့၊ ပေးဝေ လေရာသတည်း။

ဒါက အရေးအကြီးဆုံး မျှော်လင့်ချက်ပါ။ မိဘ တွေရဲ့ အဓိက မျှော်လင့်ချက်လို့ ပြောနိုင်ပါတယ်။

တို့ သက်တမ်း ကုန်ပြီးတဲ့နောက် ဆင်းရဲတဲ့ ပြိတ္တာဘဝမျိုး ရောက်နေခဲ့ရင်၊ ကုသိုလ်ကောင်းမှုကို

http://www.dhammadownload.com



လည်း ကိုယ်တိုင်မပြုနိုင်တော့၊ ကုသိုလ်ရဖို့ရာ အမျှဝေပေးတဲ့အခါ သာဓုခေါ်ဖို့ပဲရှိတယ်။ ဒီတစ်လမ်းထဲ ကုသိုလ်ရနိုင်တော့တာပါပဲ။

တို့ကိုရည်ရွယ်ပြီး သားသမီးတွေကတော့ ကုသိုလ်ပြုလုပ် ကြလိမ့်မယ်။ နောက် တို့ကြားအောင်၊ တို့ရအောင် အမျှဝေပေးကြလိမ့်မယ်လို့ မျှော်လင့်ကြပါတယ်။

မိဘတွေရဲ့ ဒီမျှော်လင့်ချက်ကိုတော့ သားသမီးတွေက ပိုပြီး အလေးထားသင့်တယ်လို့ ထင်ပါတယ်။ တကယ်လည်း ဖြည့်ဆည်းပေးသင့်ပါတယ်။ ဘာဖြစ်လို့လဲမေးရင် မိဘတွေ ကိုယ်တိုင်က တကယ်မျှော်လင့်လို့၊ အားကိုးတကြီး ရှိလို့ပါပဲ။

အချို့ အယူဝါဒတွေအနေနဲ့ နောက်ဘဝဆိုတာ မရှိဘူး။ ယုံကြည်စရာမလိုဘူး၊ ယုံကြည်မှုဟာစွဲလန်းမှုပဲ၊ ဒီစွဲလန်းချက်ကြောင့်သာ ဖြစ်ချင်ဖြစ်မယ်။ နောက်ဘဝဆိုတာက တကယ်မရှိဘူးလို့ ပြောကြပါတယ်။

ဒါကတော့ ကိုယ်တိုင် ဘဝတစ်ခုအဆုံးသတ်ပြီးမှ လက်တွေ့ သိရမှာပါလို့ ပြောရင် ဘယ်သူမှ မငြင်းနိုင်ကြပါဘူး။

အခုဘဝရှိစဉ်က နောင်ဘဝဆိုတာကို ပျက်ရယ်ပြုတဲ့ လူတွေဟာ နောင်ဘဝ တကယ်ရှိတာနဲ့ကြုံမှ သူများတွေထက် ကုသိုလ် အမျှတွေကို လိုချင်ကြတာ။

http://www.dhammadownload.com



တောင့်တကြတာတွေဟာ ဖြစ်လာတတ်တဲ့ သဘောတွေပါပဲ။

ဒီဘဝကုန်ဆုံးလို့ ဘဝအသစ် ပြန်စတဲ့အခါမှာ ဘယ်လိုပုံစံ ဘယ်လိုအခြေအနေဆိုတာ ပုံသေကားကျ ပြောနိုင်ဖို့က တော်တော်ခက်ပါတယ်၊ မလွယ်ပါဘူး။

အခြေအနေ ကောင်းရင် တော်ပါရဲ့၊ မစားရ၊ မသောက်ရ၊ မဝတ်ရဆိုတဲ့ ဘုံဘဝတွေကို ရောက်သွားမှဖြင့် မတွေးဝံ့စရာပါပဲ။ ဒါကြောင့် ကုသိုလ်ဆိုတာကို အခုလက်ရှိအခြေအနေမှာ ပြည့်စုံအောင် ကြိုးစားကြစေချင်ပါတယ်။

"လက်ရှိအခြေအနေထက် ကောင်းတဲ့အခြေအနေဆိုတာ မရှိပါဘူး"လို့ ဆိုရိုးစကားရှိထားတယ် မဟုတ်လား။ နောက်ဘဝမှ သာဓုခေါ်လို့ ရနိုင်တဲ့ ကုသိုလ် **အမျှဆိုတာ သူများမျှပေးမှ ရတာ**ပါ။ အပြည့်မဟုတ်ပါဘူး။

ဒါကလည်း သားသမီးတွေဟာ မိဘကောင်းဘကောင်းတွေကို အမှတ်တရရှိပါဦးမှ၊ မေ့လျော့နေလို့ကတော့ အမျှဝေဖို့နေနေ သာသာ ဘာမျှတောင် အသိအမှတ်ပြုတော့မှာ မဟုတ်ပါဘူး။

အခုဘဝကတည်းက မိဘအပေါ် တာဝန်တွေ၊ ဝတ္တရားတွေကျေလို့ မိဘကျေးဇူးတွေကိုသိ၊ ကျေးဇူးတွေကို ဆပ်တဲ့သူ တွေကတော့ နောင်ဘဝမှာဖြစ်နေတဲ့

http://www.dhammadownload.com



မိဘတွေအတွက်လည်း ကုသိုလ်ပြု အမျှပေးဝေကြဦးမှာပါပဲ။

သက်ရှိထင်ရှား မိဘနှစ်ပါးကိုတောင် အရေးမလုပ်၊ ဂရုမစိုက် ပါဘူးဆိုတဲ့သူတွေရဲ့ မိဘတွေအဖို့ကတော့ အမျှရဖို့ သာဓု ခေါ်နိုင်ဖို့ဆိုတာ ဝေလာဝေးပဲပေါ့။

ဒါကြောင့် အမျှဝေတာကို ယခုမိဘတွေကို သက်ရှိထင်ရှား ရှိစဉ်မှာလည်း ပေးဝေလိုက်ပါ၊ တမလွန်ရောက်သွားရင်လည်း ထပ်ဝေပေးလိုက်ပါ။

သားသမီးတွေက ဒါနတွေပေးလှူလို့၊ သီလတွေစောင့်လို့၊ ဝေယျာဝစ္စတွေ ဆောင်ရွက်လို့ ဒီကုသိုလ်တွေရဲ့အဖို့ကို ပြုပြီးတိုင်း ပြုပြီးတိုင်း၊ နေ့တိုင်းနေ့တိုင်း မိဘတွေရှေ့ကိုသွားပြီးတော့ "အဖေတို့အမေတို့အတွက် သားပြုခဲ့တဲ့၊ သမီးပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေရဲ့ အဖို့ဘာဂကို အမျှပေးဝေပါတယ် အမျှ-အမျှ-အမျှ ယူတော် မူကြပါကုန်လော့"လို့ ဝေပေးသင့်ပါတယ်၊ ဝေလည်း ဝေပေးရမှာပါ။

ဒါပေမယ့် ကုသိုလ်ပြုပြီးတိုင်း မိဘတွေကို ရိုရိုသေသေ အမျှဝေပေးတဲ့ သားသမီးဆိုတာ တော်တော်ရှားပါတယ်။

အခုလို တရားစခန်းပွဲမှာ ပြုခဲ့ရတဲ့ ဒါန, သီလ, သမထ, ဝိပဿနာ, ဝေယျာဝစ္စစတဲ့ ကုသိုလ်တွေဟာ တကယ် အားကောင်းပါတယ်။ တကယ်အကျိုးကြီး

http://www.dhammadownload.com



ပါတယ်။ ပြန်ရောက်တာနဲ့ မိဘတွေကို ချက်ချင်းဝေပေး လိုက်ကြစမ်းပါ၊ အားရပါးရ ပေးဝေလိုက်ကြပါ။

အမျှဝေတာက လက်ရှိလည်းဝေ၊ တမလွန်ဘဝ ရောက်သူ တွေကိုလည်း ဝေရပါတယ်၊ ဒါက မိဘတွေ ကျန်းမာချမ်းသာဖို့ အတွက်ပဲလေ။ ဒီတော့ သက်ရှိမိဘ တွေကိုလည်း ကျန်းမာချမ်းသာအောင် ခြေဆုပ် လက်နယ် ပြုစုလို့ စောစောကပြောခဲ့တဲ့ မျှော်လင့် ချက်လေးမျိုးကို ဖြည့်ဆည်းလို့ ကျေးဇူးဆပ်ရမှာပါ။

တမလွန်ရောက်ပြီးတဲ့ မိဘတွေကိုတော့ ကိုယ် ကျန်းမာ၊ စိတ်ချမ်းသာအောင် မိမိတို့ကိုယ်တိုင်က ကုသိုလ်တွေ အားရပါးရ များများလုပ်ပြီး အမျှဝေ ပေးရမှာပါ။

**ဒါကြောင့် ရှေးပညာရှိကြီးတွေက** "ကျွေးမွေးမပျက်၊ ဆောင် ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့် လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"လို့ လင်္ကာစီကုံးခဲ့ကြပါတယ်။

သားသမီးတို့ရဲ့ ဝတ္တရားငါးပါးတဲ့၊ ဒီတရားတော်နဲ့ ပြောရရင် မိဘတို့ရဲ့ မျှော်လင့်ချက်ငါးမျိုးပါ၊ ဟုတ် တယ်လေ မိဘတွေရဲ့ မျှော်လင့်ချက် ပြည့်အောင် ဖြည့်ဆည်းပေးရမှာက သားသမီးတိုင်းရဲ့ တာဝန်တွေ ဝတ္တရားတွေပါပဲ။

http://www.dhammadownload.com



ဒါကြောင့် ကုသိုလ်လုပ်တိုင်း အကျိုးရှိရှိ များများ၊ အားရ ပါးရတွေ လုပ်ကြဖို့၊ အဲဒီလို ပြုလုပ်ပြီးတိုင်း ကျေးဇူးရှင်မိဘနှစ်ပါး၊ ဆရာသမား စတဲ့ပုဂ္ဂိုလ်တွေကို အမျှပေးဝေကြဖို့ လိုအပ်ပါတယ်။

အခု ဒါဆိုရင် မိဘတွေရဲ့ မျှော်လင့်ချက်တွေကို သိပြီးပြီ ဆိုတော့ မြတ်စွာဘုရားရှင်လက်ထက်က အမေရယ်, သားရယ်, ချွေးမရယ် မိသားစုဆီကို ပြန်ပြီး အာရုံပြုကြည့်လိုက်ပါဦး။

သားလေးကလိမ္မာ၊ အမေအိုကြီးကိုပြုစု၊ ချွေးမ သမီးကလည်း လိုလေသေးမရှိအောင် ဖြည့်ဆည်းပေး တော့ မိခင်အိုကြီး က ပျော်တပြုံးပြုံးနဲ့ပေါ့။

"မေမေ–သမီး" "သမီး–မေမေ" ဆိုတာတွေက မိုးကိုလျှံ နေတာပါပဲ၊ သားလေးကလည်း ဘယ်လောက် လိမ္မာသလဲဆိုရင် စီးပွားရှာလို့ရသမျှ ဆိုပါစို့ အရောင်း အဝယ် ကုန်ကူးတယ်ဆိုရင်လည်း တစ်ခေါက်ပြန် တစ်ခါပေါ့၊ လခစားဝန်ထမ်းဆိုရင်လည်း တစ်လကို တစ်ခါပေါ့၊ ရလာသမျှ ပိုက်ဆံအသပြာကို အမေအို ကြီးကိုပဲ အပ်တယ်လေ။

ကဲ–အခုရော၊ ဇနီးမယားရနေပြီ၊ ငွေအသပြာထုပ် ဘယ်သူ့ ကို အပ်မလဲ၊ အမေ့ကိုလား၊ ဇနီးကိုလား လိမ္မာတော့ အမေ့ ကိုပေါ့၊ ထုံးစံအတိုင်းပေါ့။

http://www.dhammadownload.com



"သားရယ်၊ ဇနီးမယားဆိုတာ ကိုယ့်ခင်ပွန်း လုပ်စာကို ရချင်ကြတယ်၊ သုံးချင်ကြတယ်၊ ကိုယ်တိုင်ကိုင်ချင်ကြတယ် ငါ့သားရဲ့၊ ယောက်ျားကိုယ်တိုင်က ထုတ်ပေးတဲ့ငွေကို ကိုယ်တိုင် လက် ဖဝါးနဲ့ ခံယူချင်ကြတယ်ကွယ့်၊ သွား-သွား၊ အမေ့သမီးကို သွားပေးလိုက်ပါ"တဲ့ အမေက ပြောတာပေါ့။

"ဟာ-အမေရယ်၊ ရှေးကတည်းက အမေ့ကိုပဲ အပ်ခဲ့တာပဲ၊ အခုမှအဆန်းလုပ်လို့ အမေရှာပေးတဲ့ အမေ့သမီးပဲ၊ ဘာမှမဖြစ်ပါဘူး အမေရယ်"

"ဩော်-အမေ့သားက မသိသေးပဲကိုး၊ အမေကိုယ်တိုင် အိမ်ထောင်ကျပြီးကာစ မင်းအဖေပေးတဲ့ ပထမဆုံးဝင်ငွေကို ရတုန်းကဆိုရင်၊ အို-အခု ပြောရင်းတောင် ဝမ်းသာစိတ် ပြန်ဖြစ်လာတယ်၊ အင်း-မင်းအဖေကို သတိရတဲ့စိတ်ကလည်း ပေါ်လာသေးတယ် သားရယ်၊ သမီးကိုပဲ အပ်လိုက်ပါကွယ်"

"အို-ဒီလိုဆိုလဲ အမေ့သဘောပဲ၊ အမေ့လက်ထဲ ထည့်ခဲ့မယ်၊ အမေပေးချင်သလိုသာ အမေပေးလိုက်တော့"တဲ့။ သားက အမေ့လက်ထဲကို ငွေထုပ်ကြီး ထိုးထည့်သွားတယ်လေ။

ပြဿနာဆိုတာ အကြောင်းမရှိဘဲ မပေါ်ပါဘူး၊ သူ့အကြောင်းနဲ့သူရှိမှ ပေါ်တာပါပဲ။

http://www.dhammadownload.com



အခုလည်း ကြည့်လေ၊ "မေမေ–မေမေ"ကနေ "အမေ" ဖြစ်လာခဲ့ပြီ။ ဟော–တစ်လနှစ်လကြာတော့ "မေမေ"သံ မရှိတော့ဘူး၊ "အမေ" ဆိုတာတောင် မခေါ်ချင့်ခေါ်ချင် ခေါ်နေတဲ့ လေသံဖြစ်လာတယ်။

အမေဖြစ်တဲ့သူက သားရဲ့လုပ်စာကို အကုန်လုံး ချွေးမကို အပ်တာပါပဲ၊ ဒါပေမယ့် ယောက္ခမလက်ကမှ တစ်ဆင့်ရလို့ မကျေနပ်တဲ့သဘောပေါ့။ ဝင်ငွေ ရတာချင်းအတူတူ ဘာထူးလဲလို့ပြောရင် ဘာမှမထူး ပါဘူးလေ၊ အခုတော့ တဖြည်းဖြည်းထူးလာတော့ တာပေါ့။

"မေမေ"ကနေ "အမေ" ဟော–လေးငါးဆယ်လ တစ်နှစ် လောက်ရောက်တော့ "အမေ"ကနေ "အဒေါ်" အဆင့် ရောက်သွားတယ်၊ နောက် "အဒေါ်"ကနေ မမြင်ကွယ်ရာမှာ "အဖွားကြီး"လို့ ပြောလာတယ်။ နောက် မကြားတကြား ပြောလာတယ်လေ၊ ဒါဟာ သဘာဝပဲလို့ ပြောကြရင် ဘယ်လောက်ကြောက်စရာ ကောင်းတဲ့ သဘာဝလည်းလို့၊ ဒီလိုတော့ မဖြစ်ကြစေ ချင်ပါဘူး။

ဒါပေမယ့် တော်သေးတယ် ပြောရဦးမယ် "ကောင်မ"လို့ ကက်ကက်လန် ခံပြီး ရန်မလုပ်ရင် တော်သေးတာပေါ့။

16(A)

http://www.dhammadownload.com



ဒီလိုနဲ့ နေလာလိုက်ကြတာ အမေလုပ်တဲ့သူက အဖွားအို စာရင်းထဲ သွင်းရမယ့်အရွယ် ရောက်လာပြီလေ၊ ချွေးမကလည်း တစ်အိမ်လုံး သူ့လက်သူ့ခြေ ဖြစ်နေတော့တာပေါ့။

"သမီးရေ၊ ထမင်းပူပူလေး စားချင်လိုက်တာကွယ်"လို့ လေသံပျော့ပျော့လေးနဲ့ ပြောရင် "ထမင်းအိုးနပ်ပြီးလို့ အိုးပေါ်က ချတာနဲ့တစ်ပြိုင်နက် ပန်းကန်ထဲ ခူးထည့်၊ ရော့ဆိုပြီး စားခိုင်းတော့တာပဲ" အမေလုပ်သူက စားဖို့နေနေသာသာ လက်နဲ့တောင် မထိနိုင်ပါဘူး၊ ပူလိုက်တာ၊ လွန်ရော။

"အရပ်ကတို့ရေ့၊ ဟောဒီမှာ အဖွားကြီးက ထမင်းပူပူစားချင်လို့"တဲ့ ဒီလောက် အလုပ်ရှုပ်ရတဲ့အထဲ အရှုပ် ထပ်ပေးသေးတယ်လို့ အိမ်နီးနားချင်းတွေ မကြား့ကြားအောင် အော်ပြီးပြော လိုက်သေးတယ်။

တစ်ခါတစ်ရံ "သမီးရေ၊ ရင်လေးအေးသွားအောင် ထမင်း အေးအေးလေး စားချင်လိုက်တာ"လို့ ပြောရင် "အရပ်ကတို့ရေ၊ ထမင်းအေး စားချင်ပြန်ပြီတဲ့၊ ရင်ပူလို့တဲ့၊ သူများ ကျွေးစာ မွေးစာ အားမနားတမ်း လက်ဆေးစားနေတဲ့သူကများ ရင်ပူလို့တဲ့ အံ့များအံ့ပါရဲ့" လို့ အသံကျယ်ကျယ်နဲ့ အော်ပြောလေ့ရှိပါတယ်။

တစ်ဆက်တည်း ညကကျန်တဲ့ ထမင်းကြမ်းခဲကြီးကို သံပန်းကန်ပြားထဲထည့်ပြီး "ရော့–အင့်–ဆို့"

http://www.dhammadownload.com



ဆောင့်ချပေးလိုက်တယ်လေ။ ဘယ်လောက် ကြောက်စရာကောင်းလိုက်သလဲ။ "ဆေးပေး မီးယူ"တို့ "ကူဖော်လောင်ဖက်"တို့ဆိုတဲ့ စကားတွေကို နည်းနည်းတော့ နားလည်လာလောက်ပြီ ထင်ပါတယ်။

အခုတရားဟောတဲ့အခါ ရှေးရှေးဘုရားရှင် လက်ထက်ကလို အပြော, အဆို, အသုံးအဆောင်တွေအစား အခုခေတ် အပြော အဆိုတွေ၊ အသုံးအဆောင်တွေနဲ့ နားလည်အောင် ဟောပေး, ပြောပေးနေတာပါ။ နားလည်စေဖို့ ပုံပေါ်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ။

အခု ဇာတ်တော်ထဲမှာပါတဲ့ အဲဒီ ချွေးမအကြောင်း ချွေးမရဲ့ လုပ်ပုံကို ပြောပြပါဦးမယ်။

တစ်နေ့ "သမီးရယ် အမေလေ ညက အိပ်လို့ မပျော်ပါဘူး၊ ကြမ်းပိုးတွေ ကိုက်လိုက်တာလွန်ပါရောကွယ်၊ ခုတင်ကို ကြမ်းပိုးချပေးပါဦး"တဲ့၊ ဟုတ်သားပဲ အမေအိုကမှ ခုတင် မသယ်နိုင်ဘဲကိုး။

"ဟောဒီမှာ အရပ်တကာတို့ရေ၊ ယောက်ျား အလုပ်ကတစ်ဖက်၊ အိမ်မှုကိစ္စကတစ်ဖက်၊ ဟောဒီမှာ ယောက္ခမ အဖွားကြီး အလုပ်ကတစ်ဖက် ကြည့်ပါဦးတော့၊ ကျုပ်ကိုများ သူတို့အိမ်ရဲ့ ဘုံကျွန် ထင်နေကြတယ်တော့"တဲ့၊ အိမ်နီးနားချင်းတွေကြားအောင် အော်ပြီး ပြောတယ်လေ။

http://www.dhammadownload.com



သူက အော်ကြီးဟစ်ကျယ် အော်ဝံ့တာပေါ့၊ ယောက်ျားကလည်း အလုပ်သွားတယ်လေ၊ နောက် ဘယ်သူ့မျက်နှာကိုမှ ထောက်စရာ မလိုဘဲကိုး။

ဟိုအော် ဒီအော် အော်ပေမယ့် အိမ်နီးချင်းတွေ မြင်အောင်တော့ အဖွားကြီးရဲ့ ခုတင်တွေကိုထုတ်၊ ဖျာတွေကိုဖြုတ်ပြီး နေထုတ်လှမ်းတယ်လေ။ နောက်ပြီး သူတို့ရဲ့ နှစ်ယောက်အိပ် ခုတင်ကြီးကိုလည်း နေထုတ် လှမ်းတာပေါ့။

ဒီလိုနဲ့ ညနေချမ်းရောက်တော့ နေအေးတာနဲ့ ခုတင်တွေကို ပြန်သိမ်းတာပေါ့၊ ပထမ သူတို့ရဲ့ခုတင်ကို တုတ်နဲ့ရိုက်တယ်၊ ဆောင့်ခါတယ်၊ ဖျာတွေ အခင်းတွေ ကိုလည်း ကြမ်းပိုးတွေ ထွက်ကျလာအောင် ရိုက်ချပါ တယ်။

မြေကြီးပေါ်ကိုသာ ရိုက်ချလေ့ ရှိကြပေမယ့် သူကတော့ သူ့ ယောက္ခမခုတင်ပေါ် ဖျာတွေပေါ် ရိုက်ချပါ တယ်၊ ကြမ်းပိုးတွေက ယောက္ခမရဲ့ ခုတင်ပေါ်၊ ဖျာတွေပေါ် ကျကုန်တော့တာပေါ့။

နောက်နေ့မနက်ရောက်တော့ "သမီးရယ်၊ ဘယ်လို ဖြစ်သလဲ မသိပါဘူး၊ ညကမှ ပိုပြီဆိုးလိုက်တာ၊ တစ်ညလုံး ထထိုင်နေရတယ်။ ခုတင်မှာ ကြမ်းပိုးလေး တွေ ကြည့်ပေးပါဦးကွယ်၊ အမေ့မျက်စိက မှုန်နေ လို့ပါ" တဲ့။

http://www.dhammadownload.com



"ဟော- ကြည့်ကြပါဦး တော်တို့ရေ" ဆိုပြီး ခုနစ်သံချီနဲ့ ရွာထဲကြားအောင် အော်တော့တာပါပဲ။ မကြားဝံ့ မနာသာတွေရော ပါလာတော့တာကိုး။

အဲဒီလိုနဲ့ပဲ ဖေယာက္ခမ အဖွားကြီးဟာ ချွေးမနဲ့ စိတ်ဆင်းရဲ ဖြစ်ပြီး နေလာခဲ့တာ လတောင်မကာ နှစ်တွေဖက် ကူးလာခဲ့ပါတယ်။

ချွေးမလုပ်သူဟာ အဖွားကြီး ထမင်းမစားခင်လည်း ဆူလို့ ဆောင့်လို့ စားနေတုန်း စားပြီးရင်လည်း ဆူလို့ ဆောင့်လို့ပါပဲ။

တစ်နေ့ လင်တော်မောင် ပြန်လာခါနီး အဖွားကြီးကို ထမင်း ထည့်ကျွေးတယ်လေ၊ ထမင်းစားအပြီး ပန်းကန် ထဲမှာကျန်တဲ့ ထမင်းတွေ၊ ဟင်းတွေကို အကုန်လုံး ကြမ်းပြင်ပေါ် ကျဲဖြန့်ထားတယ်လေ။ သေချာလုပ်တာ ပေါ့။

"ဘယ်လိုလဲနှမရယ်၊ တစ်အိမ်လုံးလဲ ထမင်းလုံး တွေ ပြန့်ကျဲ နေတာပါလား"လို့ ခင်ပွန်းယောက်ျားက ပြန်လာလာချင်း မြင်ရတဲ့ မြင်ကွင်းကြောင့် မေးတော့ တာပေါ့။

"မောင်ကြီးရယ်၊ အဲဒါသာ ကြည့်ပါတော့၊ တစ်နေ့ လည်း မဟုတ် တစ်ရက်လည်းမက ဒီလိုချည်းပါပဲ၊ အဲဒါ နှမလေးလည်း တစ်အိမ်လုံးသိမ်းဆည်းပေမယ့် ဘယ်ပြီးနိုင်တော့မလဲ၊ နှမလေးနေရာကိုသာ စိတ်ကူးနဲ့

http://www.dhammadownload.com



နေကြည့်ပါတော့”တဲ့ အခုပဲ **ငိုတော့မလို မျက်နှာနဲ့** သနားစရာအသံကို လုပ်ယူပြီး ပြောတာပေါ့။

“ဪ-အမေက ငါနဲ့နေလာတာ ငယ်ငယ် ကတည်းက ခုထိပါပဲ၊ စည်းကမ်းလဲရှိလိုက်တာ၊ အခု အသက်အရွယ်ကြီး၊ မျက်စိက မှုန်တယ်ဆိုပေမယ့် ဒီလောက်ထိတော့ မဆိုးသေးပါဘူး” လို့ သားလေးက သိတာပေါ့။

တစ်နေ့လာလည်း ဒီလို၊ တစ်ရက်လာလည်း ဒီလို ဆိုတော့ သားယောက်ျားလေးဖြစ်တဲ့သူက “ဘယ်လို ဖြစ်တာလဲကွာ နေ့တိုင်း ဒီလိုချည်းပဲ ဖြစ်နေတာ ကြည့်လဲလုပ်ပါဦး”လို့ ပြောတာပေါ့။

“အဲဒါပဲပေါ့၊ တွေ့တဲ့အတိုင်းပဲ၊ တော်က ခဏ လေးလောက် တော့်အမေနဲ့နေရတာ။ ကျွန်မက တစ်နေကုန် တစ်နေခမ်း ဘယ်လောက် ဒုက္ခရောက် ရသလဲ၊ စဉ်းစားကြည့်ပေါ့”

“အဲဒါကြောင့် ကျုပ်ပြောပြောနေတာ၊ တော့်အမေနဲ့ အတူမနေချင်တော့ဘူး”လို့ ကျုပ်ကတော့လေ အမြဲတမ်း အထုပ် ထုပ်ထားတယ်၊ ကဲ-တော့်သဘောသာ ပြောပေ တော့။

“ဟ-ဘာပြောရမလဲ”

“ကဲ-ဘာပြောရမလဲဆိုရင် ကျုပ်နဲ့နေမလား၊ တော့် အမေနဲ့ နေမလား၊ ကနေ့ သေသေချာချာပြောပေတော့၊ ကျုပ်ကတော့ ပြတ်ပြတ်ပဲ၊ ကဲ-ရှင်ဆုံးဖြတ်ပေါ့”

http://www.dhammadownload.com



ဟော–မိန်းမလုပ်သူက ယောက္ခမရဲ့ အပြစ်တွေ မဖြစ်ဖြစ်အောင် လုပ်လို့၊ ပြောလို့၊ နောက်ဆုံးတော့ သူ့ယောက်ျားကို ပြောပြီလေ။ သူနဲ့ နေမလား၊ ယောက္ခမနဲ့ နေမလားတဲ့။ ယောက္ခမကို မောင်းထုတ်ချင်တဲ့သဘောပေါ့။

❁ ❁ ❁

http://www.dhammadownload.com



ဘယ်လောက်ကြောက်စရာကောင်းလိုက်သလဲလို့၊ ကိုယ် ရှာတဲ့ချွေးမ ကိုယ့်သားကိုပေးလိုက်ရ၊ နောက် ကိုယ့်အိမ်ပေါ် ခေါ်တင်၊ "သမီး–သမီး"လို့ ပါးစပ်က မချဘဲ ခေါ်နေတာတောင် ဒီလောက် ဖြစ်တယ်ဆိုရင် စဉ်းတောင် မစဉ်းစားရဲအောင် ဖြစ်နေတာပေါ့။

"ကဲကွာ၊ မင်းက ငါ့ကို ဆုံးဖြတ်လို့ပြောရင် တစ်ခါတည်းပဲ ဆုံးဖြတ်မယ်"

"ဟုတ်ပြီ–ပြောလေ၊ ကျုပ်ကတော့ တော့်အမေ ဆင်းချင် ဆင်း၊ မဆင်းရင် ကျုပ်ဆင်းပဲ၊ ပြတ်ပြတ်ပဲ"

"အေး–ကောင်းပြီ၊ ဒီလိုဆိုရင် ငါ့အမေက မွေးခဲ့ ကျွေးခဲ့လို့ ငါက လူဖြစ်လာရတာ၊ နောက် အမေက အသက်အရွယ်ကြီးပြီ၊ အိုကြီး အိုမနဲ့ မဖြစ်ဘူး၊ မင်းက ငယ်သေးတယ်၊ အရွယ်လဲရှိတယ်၊ ကိုယ့်ဘာသာကိုယ် လုပ်စားလို့ရတယ်၊ ကုန်ကုန် ပြောမယ်ကွာ နောက် အိမ်ထောင်ပြုဦးမလား၊ ရသေးတယ်။ အဲဒီတော့ "ငါ့အမေနဲ့ အတူမနေနိုင်ရင်" မင်းပဲ ကြိုက်သလိုလုပ်၊ ငါကတော့ အမေနဲ့ မခွဲနိုင်ဘူး"တဲ့။

ဩော်–ကိုယ့်ယောကျ်ားက ဒီလောက်နေလာတာ ငါ့ကို မခွဲနိုင်တော့ဘူးဆိုတဲ့ အထင်နဲ့ ယောက္ခမကို ဇွမ်ထောင်းချဖို့ ကြံစည်တာကိုး၊ အခုတော့ သားလိမ္မာ ဖြစ်နေတော့ **ကိုယ့်ရှူးကိုယ်ပတ်** ဆိုသလိုပဲ ကိုယ်ကပဲ အိမ်ပေါ်က အထုပ်ပိုက်ပြီး ဆင်းရုံပဲရှိတော့ တာပေါ့။

http://www.dhammadownload.com



"အို–မောင်ကြီးကလဲ၊ နှမက သဘောပြောပြတာပါ။ အမေနဲ့ နေလာတာကြာပါပြီ။ ဒီလောက်တော့ အနွံ့အတာ ခံနိုင်ပါတယ်၊ အမေ့ကို ပြုစုရတာ ဘာများ ပင်ပန်းတာလိုက်လို့ မောင်ကြီးက အမေနဲ့ပဲနေမယ်ဆိုရင် နှမလေးကလည်း အမေနဲ့ပဲနေမှာပေါ့နော်၊ ဟုတ်တယ် မဟုတ်လား"လို့ လေပြေ ထိုးရတော့တာပေါ့။

အဲဒီအချိန်ကစပြီးတော့ ယောက္ခမအမေအိုကြီးရယ်၊ ဇနီး မောင်နှံရယ်၊ မိသားစုသုံးယောက်ဟာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြတော့တာပေါ့။

တရားပွဲအစက ပြောခဲ့တဲ့ အမျိုးကောင်းသားဟာ ဘုရားဖူး၊ တရားနာ၊ ကျောင်းမရောက်တာ တစ်ပတ်လောက် ကြာသွားတာကိုး။ ဒီပြဿနာကို ဖြေရှင်းနေရတာယဲ ပါတာပေါ့။

ဟော–ကနေ့တော့ ဘုရားရှင်ရဲ့ ကျောင်းကို ရောက်လို့ လာခဲ့ပြီပေါ့ "အမောင် ကျောင်းကို မရောက်တာ ကြာပါပေါ့လား" လို့ မြတ်စွာဘုရားရှင်က အကြောင်းသိလျက် မေးတော့–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား–တပည့်တော်ရဲ့ အိမ်မှာ ဒီလို ဒီလိုတွေ ဖြစ်နေပါတယ်ဘုရား၊ အစုဆိုရင် တပည့်တော်က အမေ့ကျေးဇူး၊ မိဘကျေးဇူးတွေကို သိပြီး မိခင်အိုကြီးကိုပဲ ဆက်လက်ပြုစု

http://www.dhammadownload.com



လုပ်ကျွေးနေပါတယ်ဘုရား”လို့ ဂုဏ်ယူ ဝမ်းမြောက် ဝမ်းသာ စကားတွေ လျှောက်ထားတော့တာပေါ့။

အဲဒီတော့မှ မြတ်စွာဘုရားရှင်က “အမောင်လုလင်၊ သင်သည် ယခုအခါ သာသနာနဲ့ဆုံ၊ ရတနာသုံးပါးနဲ့ ကြုံ၊ အဆုံးအမ ကောင်းတွေရ၊ နောက် ဘုရားရှင် ကဲ့သို့သော ဆရာကောင်း သမားကောင်းတွေ တွေ့ရ တော့ “မ,ဘက်လိုက်ပြီး မိုက်ဖက်ပါ”တဲ့ ဘဝက လွတ်ခဲ့တာပေါ့၊ မိဘကျေးဇူးတွေကို သိခဲ့တာပေါ့။

ဒါပေမယ့် ဟိုရှေးအခါတုန်းက အဆုံးအမ မရ၊ ဆရာသမား မရှိဖြစ်ခဲ့တော့ မိမိကိုယ်တိုင် မိမိရဲ့ ကျေးဇူးရှင်မိခင်ကြီးကို အိမ်ပေါ်က မောင်းချခဲ့သေးတာ ပေါ့လို့ မိန့်တော်မူပါတယ်။

“ဟုတ်ပါသလား ဘုရား၊ တပည့်တော် အဲဒီ လောက်ထိ မိုက်ပါသလားဘုရား၊ တပည့်တော်သည် အရင်ဘဝက ဘယ်လို ဖြစ်ပြီး ဘယ်လိုအမေအိုကြီးကို မောင်းချခဲ့ပါသလဲဘုရား”လို့ မေးလျှောက်တော့မှ မြတ်စွာဘုရားရှင်က အတိတ်အကြောင်း ပြန်ဟော ပေးတော့တာပေါ့။

“ဟိုရှေးအခါတုန်းက ဗာရာဏသီ ပြည်ကြီးမှာ သူဌေးမျိုးနွယ်ထဲက မိသားစု တစ်စု ရှိခဲ့ပါတယ်၊ မိသားစုမှာ သားမိသားဖ သုံးယောက် ရှိခဲ့ပါတယ်တဲ့။ အဲဒီမိသားစုရဲ့ အိမ်ထောင်ဦးစီး ဖခင်ကြီးဟာ အချိန်တန်

http://www.dhammadownload.com



တော့ ကံကုန်ပြီး ဆုံးပါးသွားရှာတယ် စသည်ဖြင့်ပေါ့လေ အတိတ် ဇာတ်ကြောင်းကို ပြန်ပြီး မိန့်တော်မူတာ ယခုဘဝမှာ ချွေးမက အမေအို ယောက္ခမကြီးကို မောင်းချဖို့ ဉာဏ်ဆင်တဲ့အထိ အတူတူပါပဲ”တဲ့။

အဲဒီလို ချွေးမက လင်ယောက်ျားကို ကုန်းစကား ပြောပြီး မိခင်အိုကြီးအပေါ် အထင်အမြင်တွေ လွဲအောင် လုပ်ထားတော့ သားယောက်ျားလေးဟာ ဇဝေဇဝါတွေ ဖြစ်သွားပါတယ်။

သာသနာပကာလ မြတ်စွာဘုရားရှင်ကဲ့သို့ ဆုံးမ သွန်သင် ပေးမယ့် ဆရာသမားက မရှိတော့ မိဘ ကျေးဇူးကို ဘယ်မှာ သိပ့ါမလဲ၊ နားလည်နိုင်ပ့ါမလဲ၊ ဘာမှ နားမလည်နိုင်ရှာပါဘူး။

အဲဒီတော့ “မ,ဘက်လိုက်ပြီး မိုက်ဖက်ပါတယ်ပဲ” ပြောရ မလားမသိပါဘူး မိန်းမစကားယုံပြီး အမေ အိုကြီးကို အိမ်ပေါ်က မောင်းချလိုက်တယ်တဲ့လေ။

“ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်သလို၊ ကိုယ်မွေးတဲ့မီးက ကိုယ့်ပြန်လောင်သလို” ဆိုတာ အခုမှ လက်တွေ့တွေ့ရတော့တာပါပဲ။

အမေအိုကြီးမှာလည်း အသက်အရွယ်ကကြီး၊ အင်အားကချည့်နဲ့ တုန်ယင်တုန်ယင်နဲ့ အိမ်ပေါ်က ဆင်းရ ရှာပြီပေါ့။

http://www.dhammadownload.com



ကြည့်လိုက်ကြစမ်းပါဦး။ ကိုယ်ပိုင်တဲ့အိမ်၊ ကိုယ့်အိမ်၊ ကိုယ့်လင်သားနဲ့ ဒိုးတူပေါင်ဖက် ဆောက် ထားခဲ့တဲ့အိမ်၊ အခု ကိုယ်မွေးခဲ့တဲ့သား ကိုယ်ကိုယ်တိုင်ရှာပြီး ခေါ်တင်ထားခဲ့တဲ့ သမီးချွေးမက မောင်းချလို့ ဆင်းရပြီလေ။

ဘယ်လောက်များ ရင်ထဲမှာ နင့်နေအောင် ခံစားရရှာမလဲ၊ နောက် အရပ်တကာ ဘားတကာတွေကို ကြားလောက်အောင် ရင်ဘတ်စည်တီး ငိုပြီး ပြဖို့ဆိုတာ ဘယ်ဖြစ်နိုင်မလဲ၊ ကိုယ့်သားမျက်နှာက ရှိသေးတာကိုး။ အခုဆိုရင် သားလေးက အရွယ်ရောက်လို့ အရပ်ထဲရွာထဲမှာ လူကြီးလူကောင်းလို့ အများက သတ်မှတ်ထားကြပြီလေ။ အခေါ်ခံထား ရပြီလေ။

မသိမသာ တိုးတိုးတိတ်တိတ်ပဲ ဆင်းသွားတာကောင်းပါတယ်၊ ငိုနေတာတောင် အသံတိတ်နဲ့ပဲ ငိုတာက ကောင်းပါတယ်တဲ့။

အဝတ်တစ်ထည်၊ ကိုယ်တစ်ခု ဆိုသလိုပဲ ဝတ်လက်စ အဝတ်တစ်စုံရယ်၊ နောက်ပြီး အဟောင်းတစ်စုံကို ပုဝါပိုင်းလေးနဲ့ ထုပ်ချီလို့ မျက်နှာသုတ်ပုဝါအဟောင်းကလေးကို ပုခုံးပေါ်တင် အထုပ် ကလေးတတောင်နဲ့ချိတ်လို့ ဒီလက်နဲ့ပဲ တောင်ဝှေးကိုကိုင်ပြီး တဒေါက်ဒေါက် အသံမပြည်အောင် ထောက်ပြီး ဆင်းခဲ့ရတာပေါ့။

http://www.dhammadownload.com



ဘယ်ဘက် လက်ထဲမှာတော့ သပေါ့ဖျော အခင်း အလိပ်ကလေးတစ်ခု လိပ်ပြီး ပွေ့ထား ကိုင်ထား ရတာယ်လေ၊ ဖိနပ်ကလည်းအဟောင်း၊ အမြီးတို အသား ဖိနပ် ခုံဖိနပ်ပေါ့။

ဟော–အိမ်ပေါက ဆင်းလာလိုက်တာ ခြံပေါက်ဝ ရောက်မှ အိမ်ဘက်တစ်ခါပြန်ပြီး လှည့်ကြည့်နေလိုက် သေးတယ်။ ဘာတွေများ ယူစရာ ကျန်နေသေးလို့လဲ။ မဟုတ်ပါဘူးတဲ့၊ ဒါဖြင့် ကိုယ့်အိမ်ကိုယ့်ယာကိုမက်ပြီး နှမြောလွန်းလို့ တစ်ခေါက် လှည့်ပြီး အဝကြည့်နေ တာလားပေါ့၊ ဒါလည်း မဟုတ်ပါဘူးတဲ့။ ဒါဖြင့် ဘာဖြစ်လို့ လှည့်ကြည့်တာလဲဆိုတော့ သားတွေ သမီးတွေ အမေအိမ်က ဆင်းခဲ့လို့ မျက်နှာမသာမယာ စိတ်မကောင်းတာတွေ ဖြစ်နေခဲ့ရင် "သားတို့ သမီးတို့ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေကြနော်၊ အမေက နေတတ်ပါတယ်ကွယ်၊ အမေ့အတွက် ဘာမှမပူနဲ့"လို့ မျက်နှာကလေး ပြုံးပြီး သားတွေ သမီးတွေ စိတ်အေး အောင် ပြော ပြချင်လို့ပါတဲ့၊ အံ့ရော–အံ့ရော။

**မိဘမေတ္တာဆိုတာ** အဲဒီလိုပါပဲလို့ ပြောရုံနဲ့တင် မပြည့်စုံနိုင်ပါဘူး။

အခုလည်းကြည့်လေ၊ အိမ်ပေါ်ကဆင်း ရွာထဲ ရောက်၊ ဘယ်ဆွေ, ဘယ်မျိုးအိမ်မှ မသွားပါဘူး၊ သွားရင် မေးကြမယ်၊ မေးကြရင် ပြောရမယ်၊ အဲဒီ

http://www.dhammadownload.com



လိုပြောရင် သားတွေ သမီးတွေ အထင်သေးခံရမှာ စိုးရိမ်လို့တဲ့။ ဘယ်အိမ်မှမသွားပါဘူး။

ရွာက ရွာတန်းရှည်ကြီးဆိုတော့ သားတို့အိမ် ရွာတောင်ပိုင်းနဲ့ဝေးရာ၊ ဟိုး–ရွာမြောက်ပိုင်းကို သွားခဲ့ပါတယ်၊ ရွာမြောက်ပိုင်းက သူဌေးကြီးတစ်ယောက်ရဲ့အိမ်မှာ အခွင့်တောင်းပြီး နေရှာတာပေါ့။

ဒီသူဌေးတွေက သူတို့အဖေ ရှိစဉ်တုန်းကတော့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကြီးတွေပေါ့၊ ကောင်းရှာကြပါတယ်။ အခုလို နေခွင့်ပေးတာကိုက ကျေးဇူးကြီးလှပါပြီ။

သူတို့အိမ်ပေါ်မှာတင်ပြီး မထားနိုင်ပေမယ့် အိမ်ဘေးတိုက်ဘေးမှာ လေးတိုင်စင်လေးကပ်ဆောက် လူမမြင်ကွယ်ရာ နောက်ဘက်ဘေးမှာပဲ အခုခေတ် အပြောနဲ့ပြောရရင် မြွေခွံအိတ်၊ ပလတ်စတစ်အိတ်တွေကို မိုးလို့ကာလို့၊ မြေကြီးပေါ်မှာပဲ ဖျာအဟောင်းလေးခင်းလို့ နေရတာပေါ့။

ဟော–အိမ်မှာကျန်ခဲ့တဲ့ သားကောင်း သမီးကောင်းတွေက ရွဲ့ပြောတာနော်၊ အဟုတ်မထင်နဲ့၊ သားဆိုး သမီးဆိုးတွေကတော့ ပျော်လို့ပါးလို့ အမေအိုကြီးကို သတိမရကြတော့ပါဘူး။

သတိရတဲ့အခါတော့ ရှိပါသေးတယ်၊ နေ့လည်နေ့ခင်း အားနေပြီဆိုရင်လေ "အရပ်ကတို့ရေ၊

http://www.dhammadownload.com



ဒီအဖွားကြီး မရှိတော့ ဘယ်လောက်သာယာလိုက်သလဲ၊ ကြည့်စမ်းပါဦး”လို့ ထုံးစံအတိုင်း မကြားတကြား အော်ပြောတဲ့အခါ သတိရကြတာပေါ့။

ဒီလိုနဲ့ တစ်လ, နှစ်လ, သုံးလေးလကြာတော့ ချွေးမဖြစ်တဲ့သူက ကိုယ်လေးလက်ဝန် ရလာတယ်လေ။ အဲဒီခေတ်အခါက ယဉ်ကျေးမှုပဲ ခေါ်မလား၊ ထုံးစံအစွဲခေါ်မလား၊ သားသမီး မရတဲ့ အမျိုးသမီး အိမ်ထောင်သည်ဟာ အမြုံမ၊ မသူတော်လို့ သတ်မှတ်ကြတယ်လေ။

အခုတော့ သူ့မှာ ကိုယ်ဝန်ရပြီလဲဆိုရော “ဟော– ကြည့်ကြပါဦးတော်၊ ဘယ်သူက သူတော်ကောင်း၊ ဘယ်သူက သူယုတ်မာ သိကြရောပေါ့၊ ဒီအဖွားကြီး မရှိတော့မှ ကျွန်မမှာ ရတနာလေး ရလာပြီလေ။ ဘယ်သူက သူတော်ကောင်းလဲဆိုတာ လယ်ပြင်ဆင်သွားသလို ထင်ထင်ရှားရှား သိကြရောပေါ့”လို့ ဗိုက်ကလေး ပုတ်ပုတ်ပြီးတော့ တစ်ရွာလုံးကို လိုက်ကြွားတော့တာပါပဲ။

ဟို–အမေအိုကြီးကိုလည်း ကြည့်စမ်းပါဦး၊ ချွေးမရဲ့ သတင်းတွေက သူ့နားထဲ အကုန်ပြန်ရောက်တာပေါ့၊ သူကလည်း နေရေးအဆင်ပြေပေမယ့် စားရေး အဆင်ပြေဖို့ လုံးပမ်းရသေးတယ်လေ။

http://www.dhammadownload.com



ရပ်ထဲ ရွာထဲကို လှည့်ပြီး "အော်–ဘယ်သူရေ ဆန်ရွေးစရာရှိရင် တို့ကိုခေါ်ပါနော်၊ မောင်းထောင်း စရာရှိရင် အမေ့ကိုခိုင်းပါနော်၊ ထင်းခွဲစရာရှိရင် အမေ့ကို ပြောပါနော်" ဆိုပြီး တစ်အိမ်တက်ဆင်း ထင်းခွဲ၊ ရေခပ်၊ အဝတ်လျှော်၊ မောင်းထောင်း အလုပ်တွေကို လုပ်ရရှာ ဟယ်လေ၊ ဒါလေးတွေနဲ့ပဲ ဝမ်းရေးဖြည့်ရတာကိုး။

တစ်ခါတစ်လေ အလုပ်အဆင်မပြေရင်လေ အနင်း အနှိပ်က ဖက်ရသေးတယ်၊ အိုကြီးအိုမနဲ့ တောင်ဝှေး တစ်ချောင်းအားကိုးပြီး အနင်းခံချင်သူတွေကို နင်းပေး၊ အနှိပ်ခံချင်သူတွေကို နှိပ်ပေး၊ တစ်တောင်နဲ့ ထောင်းပေး၊ လုပ်နေလိုက်ရတယ်၊ စားရဖို့အရေးပေါ့။

ဒီလို ရပ်ထဲရွာထဲ သွားရင်းလာရင်းနဲ့ ချွေးမ သတင်း၊ သားသတင်းက အစုံကြားနေရတာပေါ့။ အရပ်ထဲကလည်း မကျေမနပ်နဲ့ ကိုယ့်အိမ် ကိုယ်ပြန် တက်ပေါ့၊ ဘာလို့ ဒုက္ခခံနေရတာလဲလို့ ပြောကြ တယ်လေ။ အဲဒီတော့လဲ "အော်–ဒါကခဏပါ၊ နောက် ကျရင် သားရော၊ သမီးရော သူတို့အမေကို ပစ်မထား ကြပါဘူး၊ ပြန်ခေါ်ကြမှာပါ။ သားတို့က လိမ္မာပါတယ်" တဲ့။ ကဲ–မိဘမေတ္တာများ ဘယ်လောက် အံ့သြစရာ ကောင်းလိုက်သလဲလို့။

တဖြည်းဖြည်းနဲ့ ရက်ကလ၊ လကနှစ်၊ တစ်နှစ် နှစ်နှစ်ကြာလာတော့ မြေးဦးလေး ရလာပြီဆိုတာ

http://www.dhammadownload.com



ကြားရတယ်လေ။ နောက် မြေးဦးလေးက လမ်းလျှောက်တတ်ပြီတဲ့။ ပြေးတတ်ပြီတဲ့။ အဖွားဖြစ်တဲ့ ပုဂ္ဂိုလ်လေ၊ မြေးလေးကို မြင်ချင်လိုက်တာ၊ တွေ့ချင်လိုက်တာ လွန်းပါရော။

ကျွန်မမြေးကြီးက လိမ္မာတယ်တဲ့၊ လှလည်းလှ၊ ဝလည်းဝတယ်တဲ့၊ အရပ်ထဲမှာ ပြောလိုက်ရတာ၊ ကြွားလိုက်ရတာ၊ မမြင်ရသေးဘဲနဲ့ကို ပျော်နေလိုက်တာ "**သားအချစ် မြေးအနှစ်**"ဆိုတာ တကယ်မှန်ပါတယ်။

အမေအိုကြီးဟာ မြေးဦးနဲ့တွေ့ချင်၊ အတူနေချင်ရှာပြီပေါ့၊ ဒီတော့ စဉ်းစားတယ်လေ၊ လောကမှာ လောကပါလနတ်၊ လောကစောင့် နတ်ဆိုတာတွေ ရှိကြပါတယ်။ အခုဆိုရင် လောကစောင့်နတ် သေပြီနဲ့တူပါတယ်။ လောကစောင့်နတ်သာရှိရင် ငါဒီလို နေရထိုင်ရတာ မြေးဦးလေးနဲ့ ခွဲနေရတာ ဘယ်အဖြစ်ခံပါ့မလဲ၊ စောင့်ရှောက်မှာပေါ့။

သူတို့ခေတ်က ထုံးစံတစ်ခုရှိတယ်၊ လူတစ်ယောက် သေပြီးရင် သက်ပျောက်ဆွမ်း ကျွေးရတယ်၊ အဲဒီလို ကျွေးမှလဲ သေတဲ့သူဟာ ဘဝတစ်ခု ပြန်ပြီး အသစ်စနိုင်တယ်၊ လူဆိုရင် လူပြန်ဖြစ်၊ နတ်ဆိုရင်လဲ နတ်ပြန်ဖြစ်နိုင်တယ်တဲ့၊ ထုံးစံရှိတာပေါ့။

အဲဒီတော့ အမေအိုကြီးက ရသမျှစု၊ ဆန်ကွဲလေး လက်တစ်ဆုပ်ယူ၊ မြေးအိုးကင်းလေးယူ၊ နောက်

http://www.dhammadownload.com



တောက်တောက်–တောက်တောက်နဲ့ တောင် ဝှေးလေး ထောက်ပြီး သင်္ချိုင်းကုန်းဖက်သွားတာပေါ့။

သင်္ချိုင်းကုန်းရောက်တော့ ကျောက်ခဲလုံးတွေ အရိုးခေါင်းတွေကိုရှာပြီး မီးဖိုတယ်၊ ဖိုခနောင့်လုပ် သစ်ကိုင်းခြောက်တွေကို ရှာချိုးပြီး မီးခပ်ကျောက်နဲ့ မီးခပ်ပြီး မွှေးလိုက်တာပေါ့။

အဲဒီတော့မှ အော်–သက်ပျောက်ဆွမ်း ကပ်တယ် ဆိုတာ ငါ အလှူ့ရှင်အနေနဲ့ ရေမိုးချိုး သန့်စင်ပြီးတော့မှ ဆွမ်းကပ်ရမယ်၊ ဒါမှ ပိုကောင်းတာပေါ့ ဆိုပြီး အနီး အနားမှာရှိတဲ့ ရေကန်ကြီးထဲသွားပြီး ရေဆင်းချိုး၊ ကိုယ်လက်သုတ်သင်ပြီးတော့ ပြန်တက်လာတာပေါ့။

အဝတ်အစားတွေကို လဲဝတ်ပြီး မီးဖိုနားပြန် ရောက်တော့ သူ့ဘေးနားကို ပုဏ္ဏားအဖိုးကြီး တစ် ယောက် ရောက်လာတယ်လေ။

အဖိုးကြီးကမေးတယ် "အမယ်ကြီး ဘာလုပ်ဖို့ မီးမွှေးနေတာလဲ"တဲ့။

"ဩော်–မီးမွှေးတာက သက်ပျောက်ဆွမ်းကျွေး မလို့ပါ"ပေါ့။

"ယောကျ်ားသေလို့လား၊ သားသမီးသေလို့လား" ထပ်မေးတယ်။

http://www.dhammadownload.com



"ဩော်-တောက်တီးတောက်တဲ့ သားကလေးက နေကောင်းပါတယ်၊ မလုပ်ပါနဲ့နော်၊ ကျုပ် ယောက်ျား သေတာကလည်း ကြာလှပါပြီ"

"ဒါဖြင့် မြေးသေလို့လား"

"ဩော်-ဒီအဖိုးကြီး တော်သာ သေလိုက်တော့၊ ကျုပ်မြေးကိုတော့ လာမထိပါနဲ့၊ နိမိတ်မရှိ၊ နမာမရှိနဲ့ အဲဒီလို မပြောပါနဲ့"

"အကောင်းပြောတာပါ အစ်မကြီးရယ်၊ ဒီသက်ပျောက်ဆွမ်းဟာ ဘယ်သူ့အတွက်လဲလို့ သိချင်လို့ပါ"

"လောကစောင့်နတ်အတွက်ပါ၊ လောကစောင့်နတ် သေသွားလို့ပါ"

"ဟာ-လောကစောင့်နတ်က မသေပါဘူး"

"သေပါတယ်၊ ဒင်းသေလို့ ကျွန်မ ဒီလို ဒုက္ခရောက်နေရတာပေါ့"

"မသေပါဘူးဗျာ"

"သေပါတယ်"

အဲဒီလို အဖိုးကြီးနဲ့ အဖွားကြီးနဲ့ ငြင်းကြခုန်ကြ၊ ပြောကြဆိုကြတာပေါ့၊ နောက်ဆုံးတော့ အဖွားကြီးက "ရှင်က ဘာလို့ လောကစောင့်နတ် မသေဘူးလို့ ပြောနိုင်ရတာလဲ"

"အော်-ဒါလား လောကစောင့်နတ်ဆိုတာ တစ်ခြား မဟုတ်ပါဘူး၊ ကျွန်ုပ်ပါပဲ"လို့ ပြောလိုက်တော့တာပေါ့။

http://www.dhammadownload.com



အဲဒီကျတော့မှ အဖိုးကြီးဟာ မိဘမေတ္တာကို တန်ဖိုးမထားကြလို့ မိခင်အိုကြီး ဒုက္ခရောက်နေတာကို စောင့်ရှောက်ဖို့၊ ရောက်လာတဲ့ သိကြားမင်းပါတဲ့။ သူက အယောင်ဆောင်လာတာကိုး။

အဲဒီအချိန်မှာပဲ သားတွေ၊ ချွေးမတွေကလည်း စိတ်ဓာတ်တွေ၊ အသိတွေ ပြောင်းသွားကြပြီးတော့ မြေးလေးကို လက်ဆွဲပြီး အဖွားအမေအိုကြီးကို ရှာထဲလိုက်ရှာကြပါတယ်။

တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ညွှန်လိုက်ကြတော့ သင်္ချိုင်းကုန်းကို ရောက်လာပါတယ်။ **မြေးဦးကလည်း အဖွားကိုတွေ့ရော** အတင်းပဲတိုးပြီးလိုက်တော့တာပဲ။

သားတွေ သမီးတွေက ကိုယ်ကိုယ်တိုင် မိဘနေရာရောက်လာတော့၊ မိဘမေတ္တာတွေကို နားလည်လာတော့ အမေအိုကြီးကို တောင်းပန်ကြ ထိုင်ပြီးတော့ ရှိခိုးကြပါတယ်။

အမေအိုကြီးကို အိမ်ပေါ် ပြန်ပြီးတင်၊ ချစ်ချစ်ခင်ခင်နဲ့ နေသွားလိုက်ကြတာ သေတပန် သက်တစ်ဆုံးတိုင်ပါပဲ။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကြီးမှာ ဗုဒ္ဓဘုရားရှင်က အမေကို လုပ်ကိုင်ကျွေးမွေးတဲ့ သားကို မိဘကျေးဇူးတွေ ဟောပြတော်မူပါတယ်။ နောက်ဆက်ပြီး တရားရေအေး အမြိုက်ဆေးတိုက် ကျွေးတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



ဒီတရားစခန်းကြီးရဲ့ ညစဉ်ညတိုင်း ဟောတဲ့ တရားတော်တွေက တစ်နာရီဆိုတဲ့ အချိန်အတွင်းမှာ ဟောရတော့ ဒီဇာတ်တော်ကြီးထဲက ဂါထာတော်တွေကို ဟောဖို့ရာ အချိန်နည်းသွားပါပြီ။

အဓိကကတော့ မိဘကျေးဇူး၊ မိဘတွေရဲ့ မျှော်လင့်ချက်တွေကိုသိဖို့၊ နားလည်ဖို့ ဟောတယ်လို့ မှတ်ပါ။

ဒါကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်ထဲက စကားတော်တွေကို အသေးစိတ် ရှင်းပြခဲ့တာ ဖြစ်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားလည်း ဟောကြားပေးလိုက်ရော မိခင်အိုကြီးကို လုပ်ကျွေးတဲ့ သားလေးဟာ သောတာပန်အဖြစ်ကို ရောက်သွားပါတယ်။ အခြားအခြား လူနတ်ဗြဟ္မာ သတ္တဝါတွေလည်း တရားအသိတွေ တိုးပွား ကျေးဇူးများသွားကြပါတယ်။

အခုလဲပဲ ဒီတရားတော်ကြီးကို နာကြားရသဖြင့် မိဘတွေရဲ့ ကျေးဇူးတွေကို မေ့နေရင်အမှတ်ရဖို့ ကျေးဇူး မဆပ်မိကြသေးရင် ကျေးဇူးဆပ်ဖို့၊ နောက် မိမိတို့ သိထားတဲ့ တရားတွေကို မိဘတွေအတွက် သေသေချာချာပြန်ပြီး ရှင်းပြ ပြောပြပေးဖို့ တိုက်တွန်းလိုက်ပါတယ်။

မိဘတွေအပေါ် မိမိတို့က မသိကျိုးကျွံနေခဲ့တာတွေကို ပြုပြင်ပြီး မိဘတွေ ကိုယ်ကျန်းမာ စိတ်ချမ်း

http://www.dhammadownload.com



သာအောင် ထားနိုင်ကြသလို မိမိတို့လည်း ဘုရားရှင်ရဲ့ တရားတွေနဲ့ ကိုယ်ကျန်းမာ စိတ်ချမ်းသာအောင် နေနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

သူတော်ကောင်း ခတ်တွေ တစ်ဆင့်ထက် တစ်ဆင့်၊ ရင့်သထက်ရင့်ပြီး အရိယာပုဂ္ဂိုလ်မြတ်ကြီး တွေ ဖြစ်ပြီး နိဗ္ဗာန်ကို ရောက်ကြ, ရကြပါစေကုန် သတည်းလို့ ဆုတောင်းရင်းနဲ့ တရားနိဂုံး ချုပ်ကြပါစို့၊

**သာဓု–သာဓု–သာဓု ပါဘုရား။**

ဓမ္မဒူတအရှင်ဆေကိန္ဒ

ဓမ္မဒူတတောရ
တောင်စွန်း၊ ဘီးလင်းမြို့နယ်
မွန်ပြည်နယ်။

*သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇) ရက် (၂၆–၂–၂၀၀၀ ပြည့်နှစ်)၊ စနေနေ့ ညနေ ၅ နာရီ ၃၅ မိနစ် အချိန်တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈–လမ်း၊ အမှတ် ၁၂၀/က၊* ***အောင်မြင့်မိုရ်*** *ကွန်ပျူတာလုပ်ငန်း အဆောက်အဦအတွင်း၌ ရေးသားပြုစုမှု ပြီးစီးအောင်မြင်ခဲ့ပါသည်။*